ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ

အမိန့်ကြော်ငြာစာအမှတ်၊ ၇ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက် )

၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းကို မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ်
သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ ၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ်အား အောက်ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | လူစီးမော်တော်ယာဉ်များ | - | ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ |
| (ခ) | လုပ်ငန်းသုံးယာဉ်များ<br>(ကုန်တင်ယာဉ်/ ခရီးသည်တင်ယာဉ်) | - | ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ |
| (ဂ) | မီးသတ်ယာဉ်များ/လူနာတင်ယာဉ်များ | - | ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ |
| (ဃ) | ယန္တရားများ | - | ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ |

၂။ အထက်အပိုဒ် ၁၊ အပိုဒ်ခွဲ (က) မှ (ဂ) အထိ ယာဉ်များ တင်သွင်းရာတွင် လက်ဝဲ စတီယာရင်များသာ တင်သွင်းခွင့်ပြုမည်။

၃။ မီးသတ်ယာဉ်များ၊ လူနာတင်ယာဉ်များနှင့်ပတ်သက်၍ အစိုးရဌာနအဖွဲ့အစည်းများသို့ လှူဒါန်းခြင်းဖြစ်ပါက ၂၀၀၇ ခုနှစ် မော်ဒယ်အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး လက်ဝဲစတီယာရင်အပြင် လက်ယာစတီယာရင်များပါ တင်သွင်းခွင့်ပြုမည်။

၄။ အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် ပူးတွဲပါ လုပ်ငန်းသုံး ယန္တရားများအား လွန်ခဲ့သော(၁၅)နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ်များကို တင်သွင်းခွင့်ပြုမည်။

( ပုံ )
ဒေါက်တာသန်းမြင့်
ဥက္ကဋ္ဌ
မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော
လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ် ၊ စက - ၁၁ / ၂ - ၃၇ / ၂၀၂၀ ( ၁၄ )
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } **မြန်မာနိုင်ငံပြန်တမ်းတွင်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } **ထည့်သွင်းကြေညာပေးပါရန်**
**မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း**
**မြန်မာနိုင်ငံတရားဝင်အသိအမှတ်ပြုမော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း**
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
( ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

( မြင့်လွင် )
ညွှန်ကြားရေးမှူးချုပ်

ပူးတွဲ

## အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် လုပ်ငန်းသုံးယန္တရားစာရင်း

၁။ Excavator

၂။ Bulldozer

၃။ Wheel Loader

၄။ Vibratory Roller

၅။ Clamp Loader

၆။ Motor Grader

၇။ Road Roller Compactor

၈။ Bridge Crane

၉။ Gantry Crane

၁၀။ Tower Crane

၁၁။ Pilling Machine

၁၂။ Crawler Drill/ Crane

၁၃။ Overhead Travelling Crane

၁၄။ Mobile Crane

၁၅။ Rough -Terrain Crane

၁၆။ Forklift

၁၇။ Boom Lift

၁၈။ Asphalt Finisher (ကတ္တရာခင်းစက်)